# ဓမ္မခန္ဓာ (၇၃) ကိုယ်ရုံခြုံနေသူ (အလ်–မုဇ္ဇမ်မေလ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃)၊ သုတ်ဒေသနာ အပါး (၂၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>☆၇၄း၁ | **يَا أَيُّهَا الْمُزَّمِّلُ۞**<br>အို ကိုယ်ရုံခြုံနေသူ၊☆ |
| ၂။ | **قُمِ اللَّيْلَ إِلَّا قَلِيلًا۞**<br>ည၏ အနည်းငယ်မှ အပ မားမားရပ်လော့။[၁၀၉၁] |
| ၃။ | **نِصْفَهُ أَوِ انقُصْ مِنْهُ قَلِيلًا۞**<br>တစ်ဝက် သို့မဟုတ် ထိုထက် အနည်းငယ် လျှော့၍– |
| ၄။ | **أَوْ زِدْ عَلَيْهِ وَرَتِّلِ الْقُرْآنَ تَرْتِيلًا۞**<br>သို့မဟုတ် ထိုထက် တိုး၍ ဖြစ်စေလော့။ ထို့နောက် ကုရ်အာန်အား ရွတ်ဆိုရာတွင် သေချာစွာရွတ်ဆိုလော့။[၁၀၉၂] |
| ၅။ | **إِنَّا سَنُلْقِي عَلَيْكَ قَوْلًا ثَقِيلًا۞**<br>ငါအရှင်သည် သင့်အား လေးနက်သော စကားတော်အား ခင်းကျင်းပေးတော်မူလတ္တံ့။ |
| ၆။ | **إِنَّ نَاشِئَةَ اللَّيْلِ هِيَ أَشَدُّ وَطْءًا وَأَقْوَمُ قِيلًا۞**<br>ကေန်ပင် ညအချိန်၌ နိုးထခြင်းသည် ပိုမိုသန်မာသော တက်လှမ်းမှုဖြစ်၍၊ အခိုင်မြဲဆုံး ပြောအားကို ရ၏။[၁၀၉၃] |

---

(၁၀၉၁) ည၏ အစိတ်အပိုင်း အနည်းငယ်သာ အိပ်စက်၍ ကျန်အချိန်များ၌ ရပ်လော့ သို့မဟုတ် နိုးကြားလော့ဟု ဖြစ်ပေသည်။ ဆရာတော်ကြီးများက ဤသုတ်တော်အား ည၏ အစိတ်အပိုင်း အများစုတွင် တရားအားထုတ်ခြင်းဖြင့် အချိန်ကို ပိုမိုပေးရန် မိန့်ညွှန်သွန်သင်ခြင်း ဖြစ်သည်ဟု ဆိုကြပေသည်။ ဤနေရာ၌ အခြားနားလည်ရန် သင့်သော အချက်မှာ “ည”ဟူသည် ဘာသာတရားကင်းမဲ့နေသော ကာလ၊ လူသားအများစုတွင် ဥပဒေစိုးမိုးခြင်းမရှိ ကြောက်လန့်နေရသည့် ဘဝအမှောင်ကျနေသော ကာလကိုလည်း ဆိုလို၍– ထိုလူသားအများစု အမှောင်ကျနေခြင်းမှ တရားအလင်းရောင်သို့ ရောက်ရန် မနေမနား အချိန်များများပေး၍ အနစ်နာခံ ကြိုးစားအားထုတ်လော့ဟူ သွန်သင်ထားခြင်းလည်း ဖြစ်ပေသည်။

(၁၀၉၂) အမှောင်ကျနေသော သူများအား ကယ်တင်လမ်းပြရန် နည်းလမ်းမှာ ယုတ္တိဗေဒရှိသော လောကဓမ္မကုရ်အာန်အား စဉ်းစားဆင်ခြင်သုံးသပ်လျှက် အမြဲရှိနေရမည် ဖြစ်သည်။ ဤသုတ်တော်အား ချမှတ်ပေးသော ကာလတွင် ကုရ်အာန်ကျမ်းတော်သည် ယခုကဲ့သို့ ပြည့်စုံပြီးစီးစွာ ရှိမနေသေးပေ။ သို့သော် နားလည်ရန်မှာ ယခုပြည့်စုံပြီးစီး ပြီးသား ကုရ်အာန်မှာ– လူသားများအတွက် အက္ခရာတင် မှတ်တမ်းမရှိမီကပင်– စကြာဝဠာအနန္တ အတွက် လောကပြဋ္ဌာန်းချက်တည်းဟူသော ကုရ်အာန်မှာ ရှိနေပြီး ဖြစ်သည်။ ထိုလောက ပြဋ္ဌာန်းချက် လောကဓမ္မကြီးမှ လူသားများအတွက် လိုအပ်ချက်များ အားလုံးကို နောက်ဆုံးပွင့် ကိုယ်တော်မုဟမ္မဒ်က ဉာဏ်စဉ်ပွင့် ဖတ်ပြလျှက်၊ လက်တွေ့ ကျင့်ကြံနေထိုင်ပြလျှက်၊ နောက်လာနောက်သားများ အတွက် တိကျသေရှာစွာ မှတ်တမ်းတင်ခဲ့သော ကျမ်းကို လက်ရှိ အက္ခရာတင် မှတ်တမ်း ကုရ်အာန် အဖြစ် ထားခဲ့ခြင်းဖြစ်ပေသည်။ ကိုယ်တော်သည် လူသားတို့၏ အမှောင်ကျနေခြင်းကို ကယ်တင်နိုင်ရန် လောကအတွက် အနစ်နာခံလျှက် တစ်စိုက်မတ်မတ် သုံးသပ်ဆင်ခြင်နေခြင်းကြောင့် ပရမတ်ဘုရားရှင်က ခေတ်တိုင်းအတွက် အလေးစီးနေစေသော စကားတော်များဖြင့် အသိပေးကာ ကုရ်အာန် ကျမ်းတော်ကို ဖြစ်တည် ပြဋ္ဌာန်းပေးခဲ့ကြောင်း သုတ်တော် ၅ တွင် ဆက်လက်ပြောဆိုထားပေသည်။

| | |
|---|---|
| ၇။<br>လုပ်<br>စရာ | إِنَّ لَكَ فِي اَلنَّهَارِ سَبْحًا طَوِيلًا۞<br>ကေန်ပင် သင့်အဘို့ နေ့အချိန်၌ ရေရှည်စိမ်၍ **ခေါင်းသုံးစရာ**များ ရှိ၏။ |
| ၈။ | وَاذْكُرِ اسْمَ رَبِّكَ وَتَبَتَّلْ إِلَيْهِ تَبْتِيلًا۞<br>ကံကြမ္မာရှင်၏ ဂုဏ်တော်အား သတိရလျှက် ကြည်ညိုခြင်းဖြင့် အရှင့်အား ကြည်ညိုလော့။ |
| ၉။ | رَبُّ الْمَشْرِقِ وَالْمَغْرِبِ لَا إِلَٰهَ إِلَّا هُوَ فَاتَّخِذْهُ وَكِيلًا۞<br>အရှင်သည် နေထွက်ရာ နေဝင်ရာတို့၏ အရှင်ဖြစ်၏။ အရှင်မှအပ အခြားဘုရားဟူ၍ မရှိ၊ အရှင့်အား ကိုးစားထိုက်သည့် အရှင် အဖြစ် အယူထားလော့။ |
| ၁၀။ | وَاصْبِرْ عَلَى مَا يَقُولُونَ وَاهْجُرْهُمْ هَجْرًا جَمِيلًا۞<br>သူတို့ ပြောဆိုသမျှ၌ သည်းခံလော့၊ သူတို့ထံမှ အမြင်လှသော ခွဲခွာခြင်းဖြင့် ခွဲခွာသွားလော့။ |
| ၁၁။ | وَذَرْنِي وَالْمُكَذِّبِينَ أُولِي النَّعْمَةِ وَمَهِّلْهُمْ قَلِيلًا۞<br>ငြင်းဆန်သူတို့အား ငါအရှင်နှင့် ချန်ထားခဲ့လော့။ ဂုဏ်ပေးပြီးသား ရှိသူတို့အား အနည်းငယ် အချိန်ဆွဲထားလော့။ |
| ၁၂။ | إِنَّ لَدَيْنَا أَنكَالًا وَجَحِيمًا۞<br>ကေန်ပင် ငါ့ထံ၌မူ– နမူနာပေးမှုနှင့် ငရဲမီးသည် ရှိနေ၏။ |
| ၁၃။ | وَطَعَامًا ذَا غُصَّةٍ وَعَذَابًا أَلِيمًا۞<br>လည်မျိုဆို့မည့် အစားအစာနှင့် စူးနစ်နာကျင်သော ဝဋ်ကြွေးလည်း ရှိနေ၏။ |
| ၁၄။<br>☆၁၃း၃၁ | يَوْمَ تَرْجُفُ الْأَرْضُ وَالْجِبَالُ وَكَانَتِ الْجِبَالُ كَثِيبًا مَّهِيلًا۞<br>မြေကမ္ဘာနှင့် တောင်တန်းကြီးများသည် တုန်လှုပ်သော နေ့ကာလ၌ တောင်တန်းကြီးတို့သည် သဲမှုန်ကဲ့သို့ ပြေကျလာလတ္တံ့။☆ |
| ၁၅။ | إِنَّا أَرْسَلْنَا إِلَيْكُمْ رَسُولًا شَاهِدًا عَلَيْكُمْ كَمَا أَرْسَلْنَا إِلَى فِرْعَوْنَ رَسُولًا۞<br>ငါအရှင်သည် သင်တို့အပေါ် သက်သေတည်ရန် သင်တို့ထံသို့ ဥာဏ်စဉ်တော်ဆောင် တစ်ပါး စေစားသည်မှာ ဖာရိုးထံသို့ ဥာဏ်စဉ်တော်ဆောင် တစ်ပါး စေစားသကဲ့သို့ ဖြစ်၏။[၁၀၈၄] |
| ၁၆။ | فَعَصَى فِرْعَوْنُ الرَّسُولَ فَأَخَذْنَاهُ أَخْذًا وَبِيلًا۞<br>ဖာရိုးသည် ဥာဏ်စဉ်တော်ဆောင်အား အာခံခဲ့၏။ သို့ဖြစ်၍ ငါသည် သူ့အား အရေးယူခြင်း အကျိုးဆက်ဖြင့် အရေးယူခဲ့ပြီ။ |
| ၁၇။ | فَكَيْفَ تَتَّقُونَ إِن كَفَرْتُمْ يَوْمًا يَجْعَلُ الْوِلْدَانَ شِيبًا۞<br>သင်တို့ ဖုံးကွယ်ခဲ့လျှင်– မည်သို့ စည်းစောင့်နိုင်အံ့နည်း၊ ရင်သွေးတို့အား ဆံဖြူရန် စီစဉ်ထားသော နေ့ကာလ– |

---

**(၁၀၈၃)** ကိုယ်တော်အား သဗ္ဗညုဥာဏ်စဉ်အားဖြင့် နက်နဲသိပ်သည်းသော စကားတော်များအား အသိပေးသည်ကို လူ့လောကကြီး အမှောင်ကျနေသော ကာလတွင် ရဲရဲတင်းတင်း ကြေငြာစေလျှက်– ညအမှောင်တွင် တရားလင်းရောင်သည် ပိုမိုပြတ်သားစွာ ထွန်းတောက် အင်အားရှိကြောင်းကို ဤသုတ်တော်က ထောက်ပြထားပေသည်။
**(၁၀၈၄)** ကိုယ်တော်မုဟမ္မဒ်သည် ကိုယ်တော် မောရှေ (မူဆာ) ကဲ့သို့ ဥာဏ်စဉ်ဆောင်တစ်ပါး ဖြစ်ကြောင်းကို ဤအလွန်ရှေးကျသော သုတ်တော်၌ပင် တရားဝင် ကြေငြာခဲ့ပေသည်။ တရားဟောရာကျမ်း ၁၈း၁၈ တွင် အတိအကျပြောထားသော်လည်း သမ္မာကျမ်းစာ တစ်လျှောက်တွင် ထိုကဲ့သို့ ကြေငြာခဲ့သော ပရောဖက်ဟူ၍ မရှိချေ။ လူ့သမိုင်း တစ်လျှောက်တွင် ကိုယ်တော် မုဟမ္မဒ် တစ်ပါးတည်းသာလျှင် ကြေငြာခဲ့ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၈။ | **السَّمَاء مُنفَطِرٌ بِهِ كَانَ وَعْدُهُ مَفْعُولًا** ۞<br>ကောင်းကင်ယံသည် အသစ်ပြန်ဖြစ်လျက်၊ အရှင့် ကတိတော်သည် စီမံပြီးဖြစ်၏။[၁၀၉၅] |
| ၁၉။ | **إِنَّ هَذِهِ تَذْكِرَةٌ فَمَن شَاء اتَّخَذَ إِلَى رَبِّهِ سَبِيلًا** ۞<br>ကေန်ပင် ဤသည် သတိပေးတရားတော် ဖြစ်၏။ စံချိန်ပြည့်သူအား ကံကြမ္မာရှင်၏ လမ်းစဉ်တော်ဆီသို့ အယူထားစေလော့။ |
| ၂၀။<br><br>နေ့ ည မပြတ်<br><br>☆ ၂း၃ | **إِنَّ رَبَّكَ يَعْلَمُ أَنَّكَ تَقُومُ أَدْنَى مِن ثُلُثَيِ اللَّيْلِ وَنِصْفَهُ وَثُلُثَهُ وَطَائِفَةٌ مِّنَ الَّذِينَ مَعَكَ وَاللَّهُ يُقَدِّرُ اللَّيْلَ وَالنَّهَارَ عَلِمَ أَن لَّن تُحْصُوهُ فَتَابَ عَلَيْكُمْ فَاقْرَؤُوا مَا تَيَسَّرَ مِنَ الْقُرْآنِ عَلِمَ أَن سَيَكُونُ مِنكُم مَّرْضَى وَآخَرُونَ يَضْرِبُونَ فِي الْأَرْضِ يَبْتَغُونَ مِن فَضْلِ اللَّهِ وَآخَرُونَ يُقَاتِلُونَ فِي سَبِيلِ اللَّهِ فَاقْرَؤُوا مَا تَيَسَّرَ مِنْهُ وَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَأَقْرِضُوا اللَّهَ قَرْضًا حَسَنًا وَمَا تُقَدِّمُوا لِأَنفُسِكُم مِّنْ خَيْرٍ تَجِدُوهُ عِندَ اللَّهِ هُوَ خَيْرًا وَأَعْظَمَ أَجْرًا وَاسْتَغْفِرُوا اللَّهَ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ** ۞<br>ကေန်ပင် ကံကြမ္မာရှင်က သင်၊ သင်နှင့်အတူ ရှိသည့် ယုံကြည်သောသူ တစ်စုသည် ည၏ သုံးပုံနှစ်ပုံထက်လျော့၍ ဖြစ်စေ၊ ထက်ဝက်ဖြစ်စေ၊ သုံးပုံတစ်ပုံဖြစ်စေ မားမားရပ်နေသည်ကို သိနေတော်မူ၏။ ပရမတ်ဘုရားရှင်သည် ည၊ နေ့ကို စည်းချိန်ချထားတော်မူ၏။ သင်တို့သည် **အစဉ်မပြတ်** မဖြစ်နိုင်ကြောင်းကို အရှင်သည် သိနေတော်မူ၏၊ သို့ဖြစ်၍ သင်တို့အား သင်ပုန်းချေပေးတော်မူ၏။ သင်တို့သည် ကုရ်အာန်အား လွယ်ကူသောနည်းဖြင့် ရွတ်ဖတ်ကြလော့။ သင်တို့အနက် ဖျားနာနေသူ ရှိ၍၊ အခြားသူတို့သည် ပရမတ်ဘုရားရှင်၏ သိက္ခာပေးခြင်းမှ ရှာဖွေရန် မြေကမ္ဘာ၌ ခရီးထွက်နေကြကြောင်း၊ အခြားသူတို့မှာ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတိုက်နေရကြောင်း အရှင်သည် သိနေတော်မူ၏။ သို့ဖြစ်၍ ၎င်းအား လွယ်ကူသောနည်းဖြင့် ရွတ်ဖတ်ကြလော့။ မေတ္တာဓိဋ္ဌာန်☆မြဲကြလော့။ အခွန်ငွေဖြူ ပေးကြလော့။ ပရမတ်ဘုရားရှင်အား တင့်တယ်စွာ ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်ကြလော့။ သင်တို့၏ စရိုက်များက စုံရပ်ခံခဲ့သော ကောင်းမှုများကို ပရမတ်ဘုရားရှင်၏ အပါးတော်၌ တွေ့ရလတ္တံ့။ ယင်းသည် ပိုမိုကောင်းမြတ်၍၊ မဟာ ဆုလဒ် ဖြစ်လတ္တံ့။ ပရမတ်ဘုရားရှင်၌ လွတ်ငြိမ်းဆုများပန်ကြလော့။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၁၀၉၆] |

---

**(၁၀၉၅)** ကျမ်းတော်တွင် ပြောဆိုသော ကောင်းကင်ယံသည် အသစ်ပြန်ဖြစ်သော နေ့ကာလ၊ ကောင်းကင်ယံအား လိပ်ခေါက်သော နေ့ကာလ၊ ကောင်းကင်ယံ၏ အကာကို ဖယ်ရှားသော နေ့ကာလ ဆိုသည်များမှာ– စီးမိုးအုပ်ချုပ်ထားသော လူကြီးများ ပျက်သုဉ်းပျောက်ကွယ်ရ၍– မျိုးဆက်သစ်များအား အစားထိုးသော ကာလများကို ပုံဆောင်ပေသည်။ သို့ဖြစ်၍– သားသမီးများ (ကလေးသူငယ်များ) ဆံဖြူစေမည် ဆိုခြင်းမှာ ထိုမျိုးဆက်သစ်များ အရွယ်ရောက်လာလျက် ရှေးလူဟောင်းတို့၏ နေရာအား ရယူမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

**(၁၀၉၆)** ဤသုတ်တော်တွင် ပြောဆိုသော "ကုရ်အာန်အား လွယ်ကူသော နည်းဖြင့် ရွတ်ဖတ်ကြ၊" ဆိုသည်မှာ သုတ်တော် (၄)မှ "ကုရ်အာန်အား ကျနသေချာစွာဖြင့် သေချာစွာဖတ်ကြ၊"ဆိုသော စကားကို ဆန့်ကျင်ခြင်း မဟုတ်ချေ။ ဤသုတ်တော်မှ– လွယ်ကူသောနည်းဖြင့် ဖတ်ကြဆိုသည်မှာ ခရီးသွားနေစဉ်၊ ဖျားနေစဉ်၊ တော်လှန်ရေးဆင်နွှဲနေရစဉ်တွင် အချိန်မရက လွယ်လွယ်ကူကူနှင့်ပင် ပြီးသလောက်၊ လက်လှမ်းမှီသလောက်ကို ဖတ်ခိုင်းခြင်းဖြစ်၍၊ သုတ်တော် (၄)မှ ကျနသေချာစွာ ဖတ်ကြဆိုသည်မှာ ထိုဖတ်သလောက်အား ကျနသေရှာစွာ စဉ်းစားသုံးသပ်ကြဟု ဆိုလိုခြင်း ဖြစ်ပေသည်။ အချိန်မရလျှင် တစ်အုပ်လုံးကို တစ်ကြိမ်တစ်ခါတည်း ဖတ်ရန်မလိုဘဲ၊ အပိုင်း၊ အပိုဒ်သတ်မှတ်ဖတ်စေ၍– စဉ်းစားခိုင်းခြင်းဖြစ်ပေသည်။ ကျမ်းတော်တွင် မညီမညွတ်ကွဲလွဲချက်ဟူ၍ လုံးဝ မရှိချေ။